# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်

# ပြည်သူ့ရဲတပ်ဖွဲ့ဥပဒေ

(၂၀၂၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် – ၂)

၁၃၈၄ ခုနှစ်၊ ကဆုန်လဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မေလ ၂ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့ရဲတပ်ဖွဲ့ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေပါ စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်–

(က) **အစိုးရ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန** ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ပြည်ထောင်စုဝန်ကြီးချုပ်** ဆိုသည်မှာ အမျိုးသားညီညွတ်ရေးအစိုးရ ပြည်ထောင်စု ဝန်ကြီးချုပ်ကို ဆိုသည်။

(ဃ) **ရဲချုပ်** ဆိုသည်မှာ ပြည်သူ့ရဲတပ်ဖွဲ့၏ ရဲချုပ်ကို ဆိုသည်။

(င) **CDM ရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ နွေဦးတော်လှန်ရေးတွင် စစ်အာဏာရှင်အား ဆန့်ကျင်၍ ပြည်သူ့ဘက်မှ ရပ်တည်ခဲ့သော CDM ရဲတပ်ဖွဲ့ဝင်များကို ဆိုသည်။

(စ) **ရဲတပ်ဖွဲ့ဝင်ဟောင်း** ဆိုသည်မှာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မတိုင်မီ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ အကြောင်းအမျိုးမျိုးဖြင့် ပင်စင်၊ နုတ်ထွက်၊ ထုတ်ပယ်ထားသူများကို ဆိုသည်။ သို့ရာတွင် အကျင့်စာရိတ္တဖောက်ဖျက်မှုကြောင့် အရေးယူခြင်း ခံထားရသူများ မပါဝင်စေရ။

(ဆ) **လူ့အခွင့်အရေးစံချိန်စံညွှန်း** ဆိုသည်မှာ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်းနှင့် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာဥပဒေတို့တွင် ပြဋ္ဌာန်းထားသော လူ့အခွင့်အရေးစံချိန်စံညွှန်းကို ဆိုသည်။

( ဇ ) **အရည်အချင်းစစ်ဆေးရေးကော်မတီ** ဆိုသည်မှာ ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက ဖွဲ့စည်းထားသော အရည်အချင်းစစ်ဆေးရေးကော်မတီကို ဆိုသည်။

( ဈ ) **ပြည်သူ့ရဲတပ်ဖွဲ့ဝင်** ဆိုသည်မှာ ဤဥပဒေအရ ခန့်အပ်တာဝန်ပေးခံရပြီး ပြည်ထဲရေးနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက စာရင်းသွင်းထားရှိသူများကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) အဓမ္မအာဏာသိမ်းယူခဲ့သော စစ်အာဏာရှင်တစ်စုအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ နိုင်ရန်။

( ခ ) အဓမ္မအာဏာသိမ်းယူထားစဉ် ကာလအတွင်း စစ်ကောင်စီနှင့် ၎င်းတို့၏ လက်အောက်ခံဝန်ထမ်းများမှ ပြည်သူလူထုအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုများ၊ ဥပဒေမဲ့ညှင်းပန်းနှိပ်စက်သတ်ဖြတ်မှုများ၊ မုဒိန်းကျင့်မှုများ၊ မီးရှို့ဖျက်ဆီးမှုများ၊ လုယက်မှုများနှင့် တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်မှုများအား ဖော်ထုတ် အရေးယူရန်။

( ဂ ) အဓမ္မအာဏာသိမ်းယူထားစဉ် ကာလအတွင်း စစ်ကောင်စီနှင့် ၎င်းတို့၏ လက်အောက်ခံဝန်ထမ်းများမှ နိုင်ငံတော်ပိုင်မြေပေါ်၊ မြေအောက် သဘာဝသယံဇာတများအား ကိုယ်ကျိုးအတွက် လုပ်ပိုင်ခွင့်နှင့်အာဏာကို အသုံးပြု၍ အလွဲသုံးစား ပြုလုပ်ထားရှိမှုများအား ဖော်ထုတ်၍ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်။

(ဃ) ပြည်သူအချင်းချင်းကြား ဒုစရိုက်မှုများနှင့် တရားမဲ့ပြုကျင့်မှုများအား ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၊ ပြည်သူလူထုနှင့် ပူးပေါင်း၍ တားဆီးနိုင်ရန်။

( င ) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ယုံကြည်အားကိုးလက်ခံသည့် ရဲတပ်ဖွဲ့အဖြစ် စတင်အခြေပြု ပုံဖော်၍ ပြည်သူလူထုအပေါ်တွင် ဥပဒေနှင့်အညီ ဝန်ဆောင်မှုပေးသည့် ပြည်သူမှ လေးစား တန်ဖိုးထားသော ရဲတပ်ဖွဲ့ ပေါ်ပေါက်လာစေရန်။

## အခန်း (၃)

## ပြည်သူ့ရဲတပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရာထူးအခေါ်အဝေါ်များ

၄။ ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်သူ့ရဲတပ်ဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-

(က) CDM ရဲတပ်ဖွဲ့ဝင်များ၊

( ခ ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်ဟောင်းများ၊

( ဂ ) ပြည်သူ့ရဲတပ်ဖွဲ့တွင် ဝင်ရောက်တာဝန်ထမ်းလိုသည့် ပြည်သူ့လုံခြုံရေးအဖွဲ့နှင့် ရပ်ရွာအတွင်း အကျင့်စာရိတ္တ ကောင်းမွန်သည့် ပြည်ထောင်စုသားများ။

၅။ ပြည်သူ့ရဲတပ်ဖွဲ့ကို အောက်ပါရာထူးအဆင့်များဖြင့် သတ်မှတ်ဖွဲ့စည်းသည်-

(က) ရဲချုပ်၊

( ခ ) ရဲမှူးချုပ်

( ဂ ) ရဲမှူးကြီး၊

(ဃ) ဒုတိယရဲမှူးကြီး၊

( င ) ရဲမှူး၊

( စ ) ဒုတိယရဲမှူး၊

(ဆ) ရဲအုပ်၊

( ဇ ) ဒုတိယရဲအုပ်၊

( ဈ ) ရဲအရာခံ၊

(ည) ရဲတပ်ကြပ်ကြီး၊

( ဋ ) ရဲတပ်ကြပ်၊

( ဌ ) ရဲဒုတိယတပ်ကြပ်၊

( ဍ ) ရဲတပ်သား။

## အခန်း (၄)

## ခန့်အပ်တာဝန်ပေးခြင်း

၆။ ပြည်ထောင်စုဝန်ကြီးချုပ်သည် ဝန်ကြီးဌာနက စိစစ်အတည်ပြုထားသော ပြည်သူ့ရဲတပ်ဖွဲ့၏ ဒုတိယရဲမှူးကြီးမှ ရဲချုပ်ထိ ရာထူးအဆင့်ရှိသူများကို ခန့်အပ်တာဝန်ပေးရမည်။

၇။ ဝန်ကြီးဌာနသည်-

(က) အရည်အချင်းစစ်ဆေးရေးကော်မတီကို သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော အရည်အချင်းစစ်ဆေးရေးကော်မတီကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၈။ ဝန်ကြီးဌာနသည် အရည်အချင်းစစ်ဆေးရေးကော်မတီမှ စိစစ်ရွေးချယ်ထားသော ရဲတပ်သားမှ ရဲမှူးထိ ရာထူးအဆင့်ရှိသူများကို ခန့်အပ်တာဝန်ပေးရမည်။

## အခန်း (၅)

## တာဝန်၊ လုပ်ပိုင်ခွင့်နှင့်စည်းကမ်းများ

၉။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည်-

(က) ရာဇဝတ်ကျင့်ထုံးဥပဒေနှင့်အထူးဥပဒေပါ လုပ်ပိုင်ခွင့်များနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ပြည်ထောင်စုနှင့် ပြည်ထောင်စုသားတို့အပေါ်တွင် သစ္စာ စောင့်သိရန် တာဝန်ရှိသည်။

(ဂ) တည်ဆဲဥပဒေနှင့် ဖက်ဒရယ်ပဋိညာဉ်တို့နှင့်အညီ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဃ) လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(င) အစိုးရအဖွဲ့နှင့်ဝန်ကြီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန် တာဝန်ရှိသည်။

(စ) တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများကို လေးစားလိုက်နာရမည်။

၁၀။ ပြည်သူ့ရဲတပ်ဖွဲ့ဝင်များသည် အောက်ပါစည်းကမ်းချက်များကို လိုက်နာရမည်-

(က) ပြည်ထောင်စုသားများအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံရမည်ဖြစ်ပြီး မိမိတို့ကြောင့် စိတ်ငြိုငြင်စေခြင်း၊ ဝန်ထုပ်ဝန်ပိုး ဖြစ်စေခြင်းများ မပြုရ။

(ခ) ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတည်ဆောက်ရေးကို ထိခိုက်စေနိုင်သည့် မည်သည့် ပြုမူပြောဆို ပြုလုပ်မှုမျိုးကိုမျှ မပြုရ။

(ဂ) မည်သူကိုမျှ လူမျိုး၊ ဘာသာ၊ ကျား/ မ ခွဲခြားဆက်ခံခြင်း မပြုရ။

(ဃ) ဖမ်းဆီးရမိသည့် စစ်သုံ့ပန်းများနှင့် ရာဇဝတ်သားများအား နှိပ်စက် ညှင်းပမ်းခြင်း မပြုရ။

(င) တာဝန်ထမ်းဆောင်ရာတွင် အဂတိလိုက်စားခြင်း၊ ပြည်သူလူထု၏ ပစ္စည်းဥစ္စာအား လုယူဖျက်ဆီးခြင်း မပြုရ။

## အခန်း (၆)

## ရဲဝတ်တန်ဆာ၊ လစာနှင့် ရိက္ခာ

၁၁။ ရဲချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၏ ယူနီဖောင်းအား ခေတ်နှင့် လျော်ညီအောင် သတ်မှတ်ရမည်။

၁၂။ ရဲချုပ်သည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၏ လက်မောင်းဘက် တံဆိပ် ရာထူးအဆင့်တံဆိပ်များကို သင့်လျော်သလို ရွေးချယ်သတ်မှတ်ရမည်။

၁၃။ ရဲချုပ်သည် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များ၏ လစာနှင့် ရိက္ခာများ ထောက်ပံ့ပေးနိုင်ရန် ဝန်ကြီးဌာန မှတစ်ဆင့် အစိုးရအဖွဲ့ထံ တင်ပြတောင်းခံနိုင်သည်။

## အခန်း (၇)

## အထွေထွေ

၁၄။ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း များကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH)